ညွန့်ဦး - ရေးသည်

# ပညာတော်သင်



# ပညာတော်သင်

ညွန့်ဦးရေးသည်

ကျိုးနွံစွာအားထုတ်လျှင်ထူးချွန်သော
ပညာကိုရ၏

ပန်းချီသရုပ်ဖော် ဦးကျော်ဦး

စာပေပိမာန်ထုတ် ပြည်သူ့လက်စွဲ စာစဉ်

ဟေသာ ယုမွန်



မောင်ဘရွှေသည် အသက် ၂၅ နှစ်သာရှိသေးသည်။ သရက်တောရွာမှ သူကြီးသားဖြစ်သည်။

ငယ်စဉ်က ရပ်ရွာ စာသင်ကျောင်းနှင့် မြို့ပေါ်ရှိ အစိုးရကျောင်းတွင် ပညာသင်ခဲ့သည်။ စာတော်သော သူငယ် ဖြစ်၍။ ခုနစ်တန်းတွင် "စကောလားရှစ်" ခေါ် ပညာသင်ဆု ရရှိခဲ့သည်။

မောင်ဘရွှေသည် နှစ်စဉ် မှန်မှန် အတန်းတက်ရသူ ဖြစ်၍။ ဆယ်တန်းစာမေးပွဲတွင် သင်္ချာ ဘာသာရပ်၌ ထူးချွန်စွာ အောင်မြင်ခဲ့သည်။



မောင်ဘရွှေ၏ဖခင်မှာ ကျေးရွာသူကြီးဖြစ်၍ ဝင်ငွေကောင်းလှသူ မဟုတ်ချေ။ ထို့ကြောင့် မောင်ဘရွှေကို ရန်ကုန်တက္ကသိုလ်သို့ ပို့ရန် ခဲယဉ်း၍ နေသည်။ သို့သော် ဆွေမျိုးသားချင်းတို့၏ အကူအညီဖြင့် ပို့ဖြစ်အောင် ပို့သည်။

ရန်ကုန် တက္ကသိုလ်တွင် ပညာသင် အထောက်အပံ့ကို မောင်ဘရွှေ ရရှိသဖြင့် မိဖနှင့် ဆွေမျိုးများ ဝမ်းသာကြသည်။ ဂုဏ်ယူကြသည်။

မောင်ဘရွှေသည် အင်ဂျင်နီယာ တဦးဖြစ်လိုသည့် အတွက် သူ ဝါသနာပါသော သိပ္ပံပညာရပ်များကို ဥပစာတန်းတွင် သင်ကြားသည်။



မောင်ဘရွှေသည် ငယ်စဉ်ကပင် အိမ်ဆောက်တမ်း၊ တိုက်တည်တမ်း ကစားလေ့ရှိသည်။ တက္ကသိုလ်သို့ ရောက်သော အခါ အိမ်များ တိုက်များ တည်ဆောက်သည်ကို ကိုယ်ထိ လက်ရောက် လေ့လာသည်။ ပိဿုကာအတတ်နှင့် ဆိုင်သော စာအုပ်များကို လည်း စုဆောင်းသည်။ ငှါး၍ ဖတ်သည်။

မောင်ဘရွှေသည် ဥပစာသိပ္ပံတန်း အောင်၍ အင်ဂျင်နီယာ သိပ္ပံကျောင်းသား တယောက် ဖြစ်လာသည်။ သူသည်စာကြိုး စားသဖြင့် တနှစ်တတန်းမှန်မှန်အောင်ခဲ့သည်။ တက္ကသိုလ်ရောက် သည်မှ ခြောက်နှစ် ကြာသောအခါ အင်ဂျင်နီယာဘွဲ့ကို ရရှိ လေသည်။



အင်ဂျင်နီယာဘွဲ့ ရရှိပြီးနောက် မကြာမီ အစိုးရဘုတ် အဖွဲ့ တခုတွင် လက်ထောက် အင်ဂျင်နီယာ အလုပ်ကို ရရှိသည်။

အင်ဂျင်နီယာ အဖြစ် အလုပ်ကို ကြိုးစား၍ လုပ်သည်။ အပင်ပန်းခံသည်။ အထက်လူကြီး များ၏ လေးစားခြင်းကို ခံယူရရှိသည်။ မောင်ဘရွှေနှင့် ဆက်သွယ်ဘူးသူတိုင်း မောင်ဘရွှေ၏ လုပ်ရည်ကိုင်ရည်ကို သဘော ကျကြသည်။

မောင်ဘရွှေသည် အစိုးရဘုတ်အဖွဲ့တွင် ၂ နှစ်ခန့်မျှ အလုပ်လုပ်ပြီးနောက် အစိုးရပညာတော်သင် ဖြစ်ရန် လျှောက်ထားလိုက်သည်။ ထုံးစံအတိုင်း ဓာတ်ပုံများပူးတွဲ၍ လျှောက်ထားရသည်။ ပညာတော်သင် ရွေးချယ်ရာ၌ ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲများကို ဝင်ရောက် ဖြေဆိုရသည်။

ပညာတော်သင် စာမေးပွဲတွင် ကောင်းစွာ ဖြေဆိုနိုင်သည်။ ရွေးချယ်ရေး အဖွဲ့က ခေါ်ယူတွေ့ဆုံသော အခါ မောင်ဘရွှေသည် လူကြီးများ စိတ်ကျေနပ်လောက်အောင် ဖြေဆို နိုင်ခဲ့သည်။



များမကြာမီ ပညာတော်သင် အဖြစ် ရွေးချယ်ကြောင်း ပညာရေး ဝန်ကြီးဌာနမှ မောင်ဘရွှေထံသို့ စာရောက် လာသည်။

ပညာတော်သင် သွားသူတိုင်း အစိုးရနှင့်ကတိစာချုပ် တခု ပြုလုပ် ရသည်။ မောင်ဘရွှေလည်း အလားတူ ကတိစာချုပ်တခု ကို လက်မှတ်ရေး ထိုးရသည်။

ကတိစာချုပ်တွင် အောက်ပါစည်းကမ်းချက်များပါဝင်သည်။

သတ်မှတ် ထားသော သင်တန်းပြီးဆုံးသည်အထိ နိုင်ငံတော် အစိုးရက ပညာတော်သင်စရိတ် ထောက်ပံ့မည်။

ပညာသင်ယူနေစဉ် အိမ်ထောင် မပြုရ။ မြန်မာနိုင်ငံသို့ ပြန် ရောက်ပြီးနောက် အစိုးရလက်အောက်တွင် အနည်းဆုံး ငါးနှစ် အမှုထမ်းရမည်။ စည်းကမ်းကိုဖောက်ဖျက်ခဲ့လျှင် ငွေငါးသောင်း လျော်မည့် အာမခံများလည်း ပေးရသည်။



14188
RANGOON
31,st. August 1955
ပြည်ထောင်စုမြန်မာနိုင်ငံတော်
UNION OF BURMA
နိုင်ငံကူးလက်မှတ်
PASSPORT
MAUNG BA SHWE

မောင်ဘရွှေ အတွက် နိုင်ငံခြားသို့ သွားရန် နိုင်ငံကူး လက်မှတ် လိုသည်။နိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေးရုံးတွင် လျှောက်ထားရသည်။ လျှောက်ထားသည့်အခါ လိုအပ်သော ပုံစံများဖြည့်သွင်းပြီးနောက် ဓာတ်ပုံ အသေးစား သုံးပုံကို တင်ပြရသည်။

နိုင်ငံကူး လက်မှတ်ကို ထုတ်မပေးမီ နိုင်ငံတော်ရဲအဖွဲ့ အထူးစုံစမ်းထောက်လှမ်းရေး ဌာနမှ မောင်ဘရွှေ အကြောင်းကို စုံစမ်းသည်။ ကျေနပ်သော အခါမှ နိုင်ငံကူး လက်မှတ် ထုတ်ပေးသည်။


မောင်ဘရွှေသည် အင်္ဂလန်ပြည်တွင် ပညာသင်ကြားမည့်သူဖြစ်သဖြင့် ဗြိတိသျှသံရုံးသို့သွား၍ ပြည်ဝင်ခွင့်တောင်းယူရသည်။ ပညာတော်သင် တဦးဖြစ်သဖြင့် ပြည်ဝင်ခွင့် လက်မှတ်ကို အလွယ်တကူ ရခဲ့လေသည်။


NO. 113455

ပညာတော်သင်အဖြစ် သွားနိုင်ရန် နိုင်ငံကူး လက်မှတ်၊ ပြည်ဝင်ခွင့် လက်မှတ် ရရှိနှင့်မပြီးသေး။ နိုင်ငံခြား ငွေလဲလှယ်ခွင့် ရရှိရဦးမည်။ ထို့ကြောင့် နိုင်ငံခြား ငွေလဲလှယ်မှု အုပ်ချုပ်ရေးအဖွဲ့တွင် လျှောက်ထားရသည်။

လျှောက်လွှာကို ပြည်ထောင်စုဘဏ် အဆောက်အဦရှိ နိုင်ငံခြားငွေလဲလှယ်မှု အုပ်ချုပ်ရေးအဖွဲ့တွင် လျှောက်ထားရသည်။

ထိုအဖွဲ့မှခွင့်ပြုသော အမိန့်စာကို နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ သွားရောက် ပြသရသည်။ ကူးသန်းရောင်းဝယ်ရေးဘဏ်က အင်္ဂလိပ် ငွေ ပေါင်တဆယ် (မြန်မာ ငွေ ၁၄၀ ခန့်) ကို လမ်းခရီးတွင် သုံးနိုင်ရန် အတွက် လဲ ပေးသည်။ ခွင့်ပြုသည့် ကျန်ငွေများကိုလည်း ငွေလွှဲလက်မှတ်အဖြစ် ထုတ်ပေးသည်။



မောင်ဘရွှေသည် ဗိုလတ်သို့ ရောက်ဖူးသော သူငယ်ချင်းကိုထွန်းမြင့်ထံ သွားရောက် ပြန်သည်။

"ကိုထွန်းမြင့်၊ နိုင်ငံကူး လက်မှတ်တို့ ငွေကိစ္စတို့တော့ ပြီးသွားပြီဗျာ။ အဝတ်အစားဝယ်ဖို့ ကိစ္စကို ပြောစမ်းပါအုံး" ကိုဘရွှေက မေးလိုက်သည်။

"အဝတ်အစား ကတော့ ဘောင်းဘီ တထည်၊ ကုတ်အင်္ကျီ တထည်ဆိုယင် တော်ပါပြီဗျာ၊ နောက်လိုတာ ဟိုကျမှ ဝယ်ပေါ့။ ဒါနဲ့ ခင်ဗျား ဆေးထိုး ပြီးပြီလား"

"မထိုး ရသေးဘူးဗျ။ ဘာဆေးတွေလဲ"

"အဲဒါ နဲနဲ အရေးကြီးတယ်ဗျ။ အင်္ဂလန်ကို သွားမယ်ဆိုယင် ကျောက်ဆေးရယ်၊ ဝမ်းရောဂါဆေးရယ် နှစ်မျိုးထိုးပြီး လက်မှတ် ယူသွား ရတယ်ဗျ။ တချို့ နိုင်ငံတွေ သွားမယ်ဆိုယင် သည့်ထက် တောင် ဇီဇာကြောင် သေးတယ်။ ဆေးကို မျူနီစီပယ်ရုံးက ဆရာဝန်ထံမှာလဲ ထိုးနိုင်တယ်။ ခင်ဗျား စီးမဲ့ လေယာဉ်ပျံကုမ္ပဏီက ဆရာဝန်ထံမှာလဲ ထိုးနိုင်တယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"



"ဒါနဲ့ဗျာ၊ လန်ဒန်ရောက်တော့ နေရေး ထိုင်ရေးကလေးများ ပြောစမ်းပါအုံး" ကိုဘရွှေက ဆက်၍ မေးလိုက်သည်။

"ကျောင်းအနီးအနားမှာအခန်းကလေးတခုငှါးပြီးချက်ပြုတ် စားနိုင်ယင် အကောင်းဆုံးဘဲဗျ။ မြန်မာသံရုံးမှာ ပညာရေးအရာ ရှိ ဆိုတာရှိတယ်။ သူက ကျောင်းသားများ သက်သာချောင်ချိ ရေးတွေကို ဆောင်ရွက်ပေးပါတယ်"

"ကျေးဇူးပေါ့ဗျာ။အခြား သိသင့်သိထိုက်တဲ့ အချက်ကလေး များရှိယင်လဲ...."

"ဟိုမှာ ဆောင်းတွင်း ဆိုယင် အတော်ကို ချမ်းတယ်ဗျ။ ဒီတော့ အိမ်ထဲမှာချည်း ကုပ်မနေနဲ့။ အဝတ်ထူထူ ထဲထဲဝတ်ပြီး လမ်းထွက်လျှောက် ပေးရတယ်ဗျ။နောက်တခုကတော့ နိုင်ငံခြား ကို ရောက်နေတဲ့ဗမာတဦးဟာ ဗမာ နိုင်ငံရဲ့ ကိုယ်စားလှယ် တဦး လို့ ယူဆကြရတာမို့ ဗမာ့ဂုဏ်ကို မထိခိုက်ရအောင် နေဖို့ လိုသဗျ"

"ဒီလို သတိပေးတာ ကျေးဇူး တင်ပါတယ်ဗျာ"




အဝတ်အစားနှင့် ဆေးထိုးခြင်း ကိစ္စများကား ပြီးလေပြီ။ ဗိလတ်သို့ ယူသွားရမည့် ပစ္စည်းများ အတွက် မောင်ဘရွှေအနည်း ငယ် သိလိုသေးသည်။ ထို့ကြောင့် သူ့မိတ်ဆွေ အကောက် အရာရှိ ကိုသိန်းမောင်ထံသို့ သွားပြန်သည်။

"ကိုသိန်းမောင်၊ နိုင်ငံခြားကို ဘယ်လို ပစ္စည်းများ ယူခွင့် ပြုပါသလဲဗျာ"

"စားစရာ သောက်စရာ၊ ငပိကြော်တို့ ငါးခြောက်တို့ ယူနိုင် ပါတယ်။ ကိုယ်ဝတ်ဆင်ထားတဲ့ စိန်တို့ ရွှေတို့ စတဲ့ အဖိုးတန်ပစ္စည်း တွေကိုတော့ အကောက်ဌာနမှာ စာရင်း ပေးရတယ်ဗျ။ ပြန်လာ တော့လဲ စာရင်း အတိုင်း ပြရတယ်။

"ဆေးပြင်းလိပ်တို့၊ ဗမာ့လက်ရာ ပန်းချီကားတို့၊ ပန်းပု ရုပ်တို့ ကို ဗမာနိုင်ငံအကောက် ဌာနက ခွင့်ပြုလိုက်အုံး လန်ဒန်ရောက် တော့ အကောက် များများ ကောက်တတ်တယ်ဗျ"

"ခုလို သိရတာ ကျေးဇူးတင် ပါတယ်ဗျာ"





JJ

ရန်ကုန်မြို့မှ ထွက်ခွါမည့် ရက်သို့ ရောက်ရှိ လာလေပြီ။ မိဖ ဆွေမျိုးများနှင့် သူငယ်ချင်းများက မောင်ဘရွှေအား မင်္ဂလာဒုံ လေဆိပ်သို့ လိုက်ပို့ ကြသည်။ ထိုနေ့ကား တနင်္လာနေ့ဖြစ်၏။

ဗိလတ်သို့ သွားရန် အစီအစဉ် များ ပြုလုပ်စဉ်က မောင်ဘရွှေမှာ မမောနိုင် မပန်းနိုင် ပျော်မဆုံး ဖြစ်ခဲ့သည်။ ယခု ခွဲခွါမည့် အချိန်တွင် မောင်ဘရွှေသည် နောက်ဆံတင်းနေသည်။ မိဖ ဆွေမျိုးများနှင့် မခွဲလိုသကဲ့သို့ ဖြစ်နေသည်။ သို့သော် လိုက်ပို့သူများ အားရှိရအောင် စိတ်ကို ထိန်းထားသည်။

လေယာဉ်ပျံ မထွက်မီ နာရီဝက်ခန့်တွင် အကောက်ဌာန လူဝင်လူထွက် ဌာနတို့၏ အစစ်အဆေးကို ခံရသည်။ ပြီးလျှင် မောင်ဘရွှေသည် လေယာဉ်ပျံပေါ် သို့ တက်သွားသည်။


မောင်ဘရွှေအား လိုက်ပို့ကြသူများက လက်ပြ၍ ကျန်ရစ်ကြသည်။ မကြာမီ လေယာဉ်ပျံ စက်နှိုး၍ ထွက်စပြုသည်။ မောင်ဘရွှေ စီးနင်းသွားသော လေယာဉ်ပျံသည် ရန်ကုန်မြို့မှ ဝေးသည် ထက် ဝေး၍ နောက်ဆုံး ကွယ်ပျောက် သွားလေသည်။


ကရာချိ
ပါကစ္စတန်
ကလကတ္တား
ရန်ကုန်မြို့
အိန္ဒိယ
အာရေဗျပင်လယ်
ဗင်္ဂလားပင်လယ်အော်

မောင်ဘရွှေ စီးသော လေယာဉ်ပျံသည် အနောက်စူးစူးသို့ ပျံသန်းသွား၏။ကောင်းကင်တွင်နှစ်မိုင်ခန့်အမြင့်မှပျံသန်းနေ၏။ လေယာဉ်ပျံစီးရသည်မှာ အလွန်ငြိမ်ဆိမ်သည်။ လေယာဉ်ပျံပေါ်၌ လေယာဉ်မယ်ဟု ခေါ်သည့် အမျိုးသမီး ကလေး တဦးက ခရီးသည်များကို ကျွေးမွေး ပြုစုသည်။

နှစ်နာရီကျော်ကျော်ခန့် ပျံသန်းမိလျှင် ကလကတ္တားမြို့သို့ လေ ယာဉ်ပျံဆိုက်ရောက်သည်။ကလကတ္တားမြို့သည် အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်၏ မြို့တော်ဖြစ်သည်။ လေဆိပ်တွင် လေးဆယ့်ငါးမိနစ်ခန့်သာ ရပ်နား၍ ကရာချိမြို့သို့ ခရီးဆက်ပြန်သည်။

ညဥ့် ဆယ် နာရီခန့်တွင် ကရာချိလေဆိပ်သို့ ရောက်ရှိသည်။ ကရာချိမြို့သည် ပါကစ္စတန်နိုင်ငံ၏ မြို့တော်ဖြစ်၏။ လေဆိပ်တွင် လေယာဉ်ပျံစက်များကို စစ်ဆေးကြည့်ရှုသည်။ ခရီးသည်များ ကား လေဆိပ်ရှိတည်းခိုခန်းတွင် နားနေကြသည်။အချို့ခရီးသည် များမှာ ရေချိုး အဝတ်အစားလဲကြသည်။



တူရကီ
ဘီရွတ်
ကရာချိ
အာရေဗျ

ကရာချီမြို့မှ ညဉ့် ၁၁ နာရီခွဲ သာသာတွင် ထွက်ခွါခဲ့သည်။ ညဉ့်အချိန်၌ လေယာဉ်ပျံအဘွင်းတွင် မီးမှိန်မှိန် ထွန်းထားသည်။ မောင်ဘရွှေသည် အခြား ခရီးသည်များနည်းတူ အိပ်၍ လိုက်ပါလာသည်။ စုစုပေါင်း ခရီးသည် ၄၀ ကျော် ပါသည်။

လေယာဉ်ပျံသည် ပါရှင်းပင်လယ်အော်ကိုဖြတ်၍ လေးနာရီခန့် ပျံသန်းမိလျှင် ဘီရွတ်မြို့သို့ ဆိုက်ရောက်သည်။ဘီရွတ်မြို့သည် လီဘနွန်နိုင်ငံ၏ မြို့တော်ဖြစ်သည်။ မြေထဲပင်လယ် ကမ်းခြေ၌ တည်ရှိသည်။ သင်္ဘောဆိပ်ကောင်း၊ လေဆိပ်ကောင်း ရှိသောမြို့ဖြစ်၏။

ဤမြို့မှ ပိုးထည်၊ သံလွင်ဆီနှင့် ဝိုင်အရက်များထွက်၏။

ဗီရွတ်မြို့မှ ဇူးရစ်မြို့သို့ နံနက်လေးနာရီခွဲတွင် ထွက်ခွါလာခဲ့ပြန်သည်။



နံနက် ဆယ်နာရီ ထိုးခါနီးတွင် ဇူးရစ်မြို့သို့ ရောက်ရှိသည်။

ဇူးရစ်မြို့သည်ဆွစ်ဇာလန်နိုင်ငံတွင် အကြီးဆုံးနှင့် စက်မှုလက်မှု အထွန်းကားဆုံးမြို့ဖြစ်၏။ တခါက ဆွစ်ဇာလန်နိုင်ငံ၏ မြို့တော်ဖြစ်ဖူးသည်။

ဇူးရစ်လေဆိပ်၌ ခုတ်ပုံကရိယာ အမျိုးမျိုး၊ လက်ပတ်နာရီ အမျိုးမျိုးနှင့် အခြား အလှကုန်ပစ္စည်းများ ရောင်းချသည်။ လေဆိပ်သည် အထူး သန့်ရှင်းသည်။ ပုံသဏ္ဌာန်မှာ ရန်ကုန်မြို့လေဆိပ်နှင့် ဆင်သည်။

လေဆိပ်တွင် လေယာဉ် ကုမ္ပဏီက အစားအသောက်များ တည်ခင်း ကျွေးမွေးသည်။ အခြား လေဆိပ်များတွင်လည်း ဤနည်းအတိုင်းပင် ကျွေးမွေးခဲ့သည်။

ဇူးရစ်မြို့မှ လန်ဒန်မြို့သို့ ခရီးဆက်ခဲ့ရပြန်သည်။


အိုင်ယာလန်
အင်္ဂလန် နိုင်ငံ
လန်ဒန်မြို့

မောင်ဘရွှေ လန်ဒန်မြို့သို့ ရောက်သောအခါ အင်္ဂါနေ့မွန်းလွဲ တနာရီအချိန်ဖြစ်သည်။ ထိုအချိန်၌ ရန်ကုန်တွင် ညဥ့် ခုနစ်နာရီခွဲ အချိန် ရှိပေမည်။ ရန်ကုန်မြို့က လန်ဒန်၏ အရှေ့ဖက်တွင် ရှိသဖြင့် လန်ဒန်မြို့ထက် ခြောက်နာရီခွဲစော၍ နေကို မြင်ရသောကြောင့် ဖြစ်၏။

မောင်ဘရွှေ လာခဲ့သော ခရီးမှာ တရက်မျှပင် မပြည့်တတ် ချေ။ စုစုပေါင်း ၂၃ နာရီခန့်သာ ကြာသည်။

လန်ဒန်လေဆိပ်သို့ ရောက်လျှင် မောင်ဘရွှေသည် စိတ်ပျော် လာသည်။ သူ၏ရည်မှန်းချက်ကား တဝက်အောင်မြင်လေပြီ။

လေဆိပ်မှ မြို့တွင်းသို့ လေယာဉ်ကုမ္ပဏီ မော်တော်ကားဖြင့် ဝင်ခဲ့၏။လမ်းတလျှောက်တွင် ကြီးကျယ်ခမ်းနားသော တိုက်ကြီး တာကြီးများ၊ အလုပ်ရုံကြီးများကို မြင်ရသည်။ မြို့ကြီးတခုလုံး မီးခိုးလုံးများဖြင့် ဖုံးလွှမ်းနေသည်ကိုလည်း တွေ့ရသည်။ တည်းခို မည့်နေရာသို့ ရောက်လျှင် ရောက်ခြင်း မိဘများထံ စာရေးရန် စိတ် စောလျက်ရှိသည်။ ။

## ပြည်သူ့လက်စွဲစာစဉ်မှ ထုတ်ပြီးစာအုပ်များ

အမြို့မြို့ ဆိုင်တိုင်းတွင် မေးဝယ်ပါ

### ၂၅ - ပြားတန်

| | | | |
|---|---|---|---|
| သဲရေကျ | (ညွန့်ဦး) | ထိုးဆေးတလုံး | (ညွန့်ဦး) |
| အစာလည်းဆေးတပါး | (ညွန့်ဦး) | နှစ်ရာသီ | (ညွန့်ဦး) |
| ခေါင်းဆောင်ဂန္ဓီ | (မောင်ဖြိုး) | လယ်တီဆရာတော် | (အောင်သူ) |
| ထင်မိယောင်မှား | (မောင်မြတ်လှ) | နေဝင်တ | (မောင်မောင်) |
| မျိုးဖျက်ရန်စွယ် | (မောင်မြတ်လှ) | တဖြစ်လဲ | (ညွန့်ဦး) |
| အားကိုးတခု | (အောင်သူ) | သာသနာ့ဒါယကာနောင်ရထာ | (မျိုးသန့်) |
| တရွာသား (သာညွန့်) | | လပ်ပေါ်ကိုးအုပ် | (အောင်သူ) |
| ဒေါက်တာဆွန်ယက်ဆင် (သာညွန့်) | | မီး | (မောင်ဖြိုး) |

### ပြား ၅၀ - တန်

| | | | |
|---|---|---|---|
| မင်းအဆက်ဆက် | (ကြူအေး) | ရင်သွေး | (ရန်အောင်) |
| ရောင်ခြည်ဦး | (သိဂ်ိ) | သတ္တိ | (စောဘိုး) |
| လိမ္မာပါပြီကွယ် | (နုယဉ်) | မေတ္တာနှင့်သစ္စာ | (မင်းသုဝဏ်) |
| တရပ်တမြေ | (မျိုးသန့်) | တိမ်ပျံ | (အောင်ကိုး) |

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း
၅၂၉ - ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။